HUMAN RIGHTS WATCH

**ချက်ချင်းထုတ်ပြန်မှုအတွက်** (For Immediate Release)

# မြန်မာပြည် – နိုင်ငံရေးအကျဉ်းသားများ လှိုင်းထံပိုး

*နိုင်ငံရေးအတိုက်အခံများ အကျဉ်းထောင်ထဲတွင် ရှိနေသရွေ့၊ လာမည့် ၂၀၁၀ ရွေးကောက်ပွဲမှာ ယုံကြည်လက်ခံ နိုင်ဖွယ်မရှိ။*

(ဝါရှင်တန်၊ ဒီစီ၊ စက်တင်ဘာလ ၁၆၊ ၂၀၀၉) – မြန်မာစစ်အစိုးရက မကြာသေးမီ လများအတွင်း၌ ရာထက်မကသောလူများအား အကျဉ်းချမှုများ အပါအဝင်၊ လွန်ခဲ့သော နှစ်နှစ်အတွင်းတွင် နိုင်ငံရေးအကျဉ်းသားများအား နှစ်ဆထက်မက အကျဉ်းချခဲ့သည်ဟု လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေး အဖွဲ့က ထုတ်ပြန်သည့် အစီရင်ခံစာသစ်တွင် ဆိုထားသည်။ ၂၀၀၇၌ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်မှုနှင့် ၂၀၀၈ နာဂစ်ဆိုင်ကလုံးဘေးတွင် ပါဝင်ကူညီမှု အတွက် နှစ်ကြာထောင်ဒဏ်များ ချမှတ်ခဲ့သောကြောင့် နိုင်ငံရေး အကျဉ်းသား ဦးရေမှာ ၂၂၀၀ ထက်မက၊ များတထက် များလာ နေခဲ့သည်။

စာမျက်နှာ ၃၅ မျက်နှာ ရှိသည့် "မြန်မာပြည်မှ မေ့ကျန်ရစ်ထားခံရသော အကျဉ်းသားများ" ခေါင်းစဉ်ရှိ ထိုအစီရင်ခံစာ၌ ၂၀၀၇တွင် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများကတည်းက ဖမ်းဆီးခံခဲ့ရပြီး၊ တရားမျှတမှုကင်းမဲ့စွာ စီရင်မှုများဖြင့် နှစ်ရှည်ထောင်ဒဏ်များ ကျခံခဲ့ရသော ထင်ပေါ်သည့် နိုင်ငံရေးလှုပ်ရှားသူများ၊ သံဃာတော်ကြီးများ၊ အလုပ်သမားအခွင့်အရေး လှုပ်ရှားသူများ၊ သတင်းထောက် စာနယ်ဇင်း သမားများနှင့် အနုပညာရှင်များ အကြောင်း ထည့်သွင်း ဖော်ပြထားသည်။ ဤအစီရင်ခံစာအား စက်တင်ဘာ ၁၆ ၂၀၀၉ နေ့တွင် အမေရိကန် အထက်လွှတ်တော်အမတ် ဘာဘရာ ဘောက်စ်စာ (Senator Barbara Boxer) ဧည့်ခံခဲ့သည့် သတင်းစာရှင်းလင်းပွဲပြုလုပ်ရာ ကက်ပီတို (the US Capitol) ၌ ထုတ်ပြန်ခဲ့သည်။

မြန်မာအစိုးရအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲအား လူတကာယုံကြည် လက်ခံဖွယ် ရှိအောင် ပြုလုပ်လိုပါက နိုင်ငံရေးအကျဉ်းသားများအားလုံးကို ချက်ချင်း ချွင်းချက်မရှိ လွှတ်ပေးရမည်ဟု လူ့အခွင့်အရေးစောင့်ကြည့်လေ့လာ ရေးအဖွဲ့က ဆိုသည်။ "နိုင်ငံရေး ဆန့်ကျင်သူများအား အကျဉ်းချထားမယ်ဆိုရင် မြန်မာ စစ်ခေါင်းဆောင်များက လာမဲ့နှစ်မှာ ပြုလုပ်မည့် ရွေးကောက်ပွဲဟာ အတုအယောင်သာ ဖြစ်သွားမယ်' ဟု ဝါရှင်တန်မှ အက်ဗိုကေစီ ဥက္ကဋ္ဌ မာလင်နောင်စကီ (Tom Malinowski) က ဆိုသည်။ မကြာသေးမီကပဲ ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံခြား အရာခံများက စစ်အစိုးရအား သင့်မြတ် ကျေချမ်းစေမည့် အလည်အပတ်များအား

HUMAN RIGHTS WATCH

ပေးခဲ့သော်လည်း၊ အစိုးရက ဝေဖန်သူများအားလုံးကို ထောင်ထဲသို့ ပို့နေ စမြဲ ဖြစ်သည်။

ဤအစီရင်ခံစာထုတ်ပြန်မှုသည် ၂၀၁၀ ရွေးကောက်ပွဲ ရောက်သည်နှင့် မြန်မာပြည်မှ နိုင်ငံရေး အကျဉ်းသားများအားလုံး လွတ်မြောက်လာရေးဟု ကြွေးကြော်သည့် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေး အဖွဲ့၏ တကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှု ဖြစ်သည့် “၂၀၁၀ ခုနှစ်တွင် ၂၁၀၀” ကို အမှတ်အသား ဖြစ်စေသည်။

“ကျွန်တော်တို့ လှုပ်ရှားမှုကို “၂၀၁၀ခုနှစ်တွင် ၂၁၀၀” လို့ ဇူလိုင်လကစပြီး နာမည် ပေးခဲ့တာဖြစ်တယ်။ ဒါပေမယ့် အဲဒီအချိန်ကတည်းက အကျဉ်းသား ဦးရေဟာ ၂၂၅၀ ထိ ပိုမို များပြားလာနေတာကို တွေ့ရတယ်။” ဟု မာလင် နှောင်စကီ ဆိုသည်။ “အမေရိကန်၊ တရုတ်၊ အိန္ဒိယနှင့် မြန်မာပြည်၏ အရှေ့ တောင် အာရှ အိမ်နီးချင်းများက နိုင်ငံရေး အကျဉ်းသားများ အားလုံးကို လွှတ် ပေးဖို့ လွှမ်းမိုးမှု သြဇာများ၊ လုပ်နိုင်စွမ်းရည်များကို တတ်နိုင်သမျှ အသုံး ချပြီး မြန်မာအစိုးရအား အဓိက တောင်းဆိုညှိနှိုင်းမှုများ ပြုသင့်တယ်။”

စက်တင်ဘာလ ၉ ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလရီ ရောဒ့်ဟမ် ကလင်တန် (US Secretary of State Hillary Rodham Clinton) ထံသို့ လူ့အခွင့်အရေး စောင့်ကြည့် လေ့လာရေးအဖွဲ့က ပေးပို့သောစာ၌ မြန်မာပြည်အပေါ် ထားရှိသော ပေါ်လစီအား ပြန်လည်ဆန်းစစ်မှုကို ပြီးမြောက်စေရန်၊ ဏနစ်ကျသော သံတမန် ရေးရာဖြင့် လူ့အခွင့်အရေးများ တိုးတက်လာအောင် ဦးစားပေး လုပ်သွားရန်၊ ပို၍မို တင်းမာသော ငွေရေးကြေးရေး ပိတ်ဆို့မှုများကို လုပ်သွားရန်၊ လူသားချင်း စာနာ ထောက်ထားသော အကူအညီများကို ကောင်းစွာ စောင့်ကြည့် လေ့လာခြင်းဖြင့် ပိုမို ထပ်ပေးသွားရန်များကို တောင်းဆိုထားသည်။

စစ်အစိုးရအား ပြောရဲဆိုရဲရှိသော၊ ဝေဖန်ရဲသော နိုင်ငံရေးဆန့်ကျင်သူများ၊ လှုပ်ရှားသူများနှင့် အခြားအားလုံးမှာ ထောင်ထဲတွင် နှစ်ကြာကျခံနေရသည်။ မြန်မာပြည်တွင် လူသိများသော နိုင်ငံရေးအကျဉ်းထောင် ၄၃ ထောင်ရှိပြီး၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ်များအတွက် အလုပ်စခန်းများမှာ ၅၀ ထက်မက ရှိသည်။

၂၀၀၇ ဩဂုတ်လ၌ သံဃာတော်များ ဦးဆောင်သည့် လူထု အုံကြွမှုများ အပြီး၊ ညှဉ်းပမ်း နှိပ်စက်မှုများမှာ ပိုပြီး များလာခဲ့သည်။ ၂၀၀၇ စက်တင်ဘာလတော်လှန် ပုန်ကန်ရေးမှာ စစ်အစိုးရ၏ ချေမှုန်းတိုက်ခိုက်ခြင်းကို ခံရသည်။ အလုံပိတ် တရားရုံးများနှင့် ထောင်တွင်းရှိ တရားရုံးများတွင် မတရားသော စီရင်မှုများ ပြုလုပ်ပြီးနောက်၊ ၃၀၀ ထက်မကသော နိုင်ငံရေးလှုပ်ရှားသူများ၊ လူ့အခွင့်အရေး ကာ

ကွယ် စောင့်ရှောက်သူများ၊ အလုပ်သမားအခွင့်အရေးလှုပ်ရှားသူများ၊ အနုပညာရှင်များ၊ သတင်းထောက် စာနယ်ဇင်းသမားများ၊ လူ့ရှင်တော်များ၊ အင်တာနက် ဘလောက်ဂါများ၊ သံဃာတော်များနှင့် သီလရှင်များအား နှစ်ရှည် ထောင်ဒဏ်များ ချမှတ်ခဲ့သည်။ အချို့မှာမူ ထောင်ဒဏ်နှစ်ပေါင်း ၁၀၀ ကျော် ကျခံရသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများနှင့် လွတ်လပ်စွာ ဖွဲ့စည်းခွင့်များကို ရာဇဝတ်ပြစ်မှုဟု သတ်မှတ်သော စစ်အစိုးရ၏ ရေးရိုးဆန်၊ သမရိုးမကျသော ပြစ်ဒဏ်စီရင်ချက်များကြောင့် နိုင်ငံရေး လှုပ်ရှား သူများမှာ ဤကဲ့သို့ စီရင်ခံခဲ့ရခြင်းဖြစ်သည်။ ၂၀၀၈ မေလတွင် ဆိုင်က လုံး မုန်တိုင်းကျရောက်ပြီးနောက် လူသားချင်းစာနာ ထောက်ထားမှုများ ပေးရာတွင် ကြုံခဲ့ရသည့် အခက်အခဲအဟန့်အတားများကို ထုတ်ဖော်ပြောဆိုမှုအတွက် နာမည် ကြီးလူ့ရှင်တော် ဇာဂနာအပါအဝင် ထင်ပေါ်သော လှုပ်ရှားသူများနှင့် သတင်း ထောက်များ ၂၀ ယောက်ထက်မကမှာ ဖမ်းဆီးခံခဲ့ရသည်။

အမေရိကန်နိုင်ငံသား တယောက်က ဒေါ်အောင်ဆန်းစုကြည် နေအိမ်သို့ ကျူးကျော် ဝင်ရောက်ပြီးနောက်၊ ဩဂုတ်လတွင် ဒေါ်စုအား ထောင်ဒဏ် ချမှတ်မှုများနှင့် မတရားသော စီရင်မှုများကြောင့် စစ်အစိုးရ၏ ရက်စက်ကြမ်း ကြုတ်မှုအကြောင်းကို ကမ္ဘာသို့ ပြန်လည် သတိပေးရာ ဖြစ်ခဲ့သည်။ ဒေါ်စု၏ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှာ ၁၉၉၀ တွင် ရွေးကောက်ပွဲ အနိုင်ရရှိခဲ့ပြီးဖြစ်သော်လည်း၊ သူမမှာ နှစ်ပေါင်း ၂၀ နှစ်အတွင်း နှစ် ၁၄ နှစ်မှာ နေအိမ်အကျယ်ချုပ်ခံခဲ့ရပြီး၊ ဆက်လက်ပြီး ခံနေရဆဲ ဖြစ်သည်။

မာလင်နောင်စကီက "ဒေါ်စုကို လွှတ်ပေးဖို့အရေးကြီးတယ်ဆိုတာ သူမရဲ့ စိတ်ချမ်း သာ ပျော်ရွှင်မှု အတွက်သာ မဟုတ်ဘူး၊ မြန်မာလူထုတွေနဲ့ ရွေးကောက်ပွဲ တွေမှာ ဆန့်ကျင်ရေး အဖွဲ့အနေနဲ့ အပြည့်အဝ ပါဝင်နိုင်ဖို့ အထောက်အကူ ပြုစေမှာ ဖြစ်တဲ့အတွက်ပဲ။" ဆက်လက်ပြီး "ဒါပေမယ့် ဒီလို နိုင်ငံရေး ခံယူချက်တွေကြောင့် ညှဉ်းဆဲခံနေရတာ ဒေါ်စုတယောက်ထဲတော့ မဟုတ်ဘူး၊ ဆိုင်ကလုံး နာဂစ်ဖြစ်ပြီး နောက် အစိုးရကို ဝေဖန်မှုကြောင့် ထောင်ချ ခံနေရတဲ့ ဇာဂနာလိုလူတွေ၊ လမ်းမ ပေါ် ဆန္ဒပြမှုများတွင် ဦးဆောင် ပါဝင်ခဲ့ မှုကြောင့် ထောင်ကျခံနေရသူ စုစုနွေးလို ရဲရင့်တဲ့ မိန်းကလေး တွေလည်းပဲ ကမ္ဘာက အရေးယူ အသိအမှတ်ပေးမှုကို ရရှိခံစားသင့်တယ်။"

"မြန်မာပြည်မှ မေ့ကျန်ရစ်ထားခံရသော အကျဉ်းသားများ" အစီရင်ခံစာတွင် အောက်ပါ နိုင်ငံရေးအကျဉ်းသားများ၏ ဖြစ်ရပ်များကို အလေးပေးဖော်ပြထားသည်။

- **ဇာဂနာ** – ၂၀၀၈ နိုဝင်ဘာလတွင် ဆိုင်ကလုံးနာဂစ် ဘေးဒဏ် ခံရသူများအား ကူညီရာတွင် အားမလိုအားမရဖြစ်မှုများကို နိုင်ငံခြား

သတင်းမီဒီယာသို့ ဖော်ထုတ် ပြောဆိုခဲ့ခြင်းနှင့် ဘေးဒဏ်ခံရသူများအား ကူညီမှုကြောင့် လူ့ရွှင်တောင်လည်းဖြစ်၊ လူမှုရေး လှုပ်ရှားသူလည်းဖြစ်သူ ဇာဂနာအား ထောင်ဒဏ် ၅၉ နှစ် ချမှတ်ခဲ့သည်။ နောက်ပိုင်း၊ ၃၅နှစ်သို့ လျှော့ချခဲ့သည်။ ဇာဂနာသည် မြန်မာပြည် ၁၉၈၈ ဒီမိုကရေစီ သပိတ်မှောက်မှု ဖြစ်ပြီးနောက် ထောင်ဒဏ် ၁ နှစ် ကျခံခဲ့ရပြီး၊ ၁၉၉၀–၉၄တွင် နိုင်ငံရေးမိန့်ခွန်းများပေးမှုဖြင့် ထောင်ဒဏ် ၄ နှစ် ကျခံခဲ့ရသည်။ သံဃာတော်များ ဦးဆောင်သည့် သပိတ်မှောက်မှုကို ပေါ်ပေါ်ထင်ထင် ထောက်ခံခဲ့သည်ဟုဆိုကာ ၂၀၀၇ စက်တင်ဘာလတွင် ရဲများက သူ့ကို ဖမ်းပြီး ရက်ပေါင်း ၂၀ ကြာအကျဉ်းချခဲ့သည်။ ဇာဂနာသည် မိသားစု ဆွေမျိုးများတွေ့ရန်ခက်ခဲသော၊ အလွန်အေးသော ဆောင်းရာသီ ရှိသည်ဟု အသိများသော ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့သို့ ထောင်ဒဏ် ကျခံနေလျှက်ရှိသည်။ ဇာဂနာ ထောင်ထဲရှိနေစဉ် ၂၀၀၉ မတ်လတွင် မိခင်ဒေါ်ကြည်ဦး ကွယ်လွန်ဆုံးပါးသွားခဲ့ရရှာသည်။

- **ဦးဂမ်ဘီရာ** – ၂၀၀၇ စက်တင်ဘာလ ဆန္ဒပြမှုများအား ဦးဆောင်ခဲ့သည့် ဗမာပြည်လုံးဆိုင်ရာ သံဃာတော်များ မဟာမိတ်အဖွဲ့၏ အဓိက ခေါင်းဆောင်ကြီးများမှ တယောက်ဖြစ်သူ၊ အသက် ၂၈ နှစ်အရွယ် ဦးဂမ်ဘီရာအား ၂၀၀၇ နိုဝင်ဘာလ ၄ တွင် စစ်အစိုးရက ဖမ်းဆီးခဲ့သည်။ ထိုနေ့တွင်ပဲ၊ ဝါရှင်တန်ပိုစ့် သတင်းစာမှ အတွေးအမြင် သတင်းဆောင်းပါး၌ သူက “စစ်အစိုးရရဲ့ ဖမ်းဆီးမှု၊ သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုတွေဟာ လွန်ခဲ့သော နှစ်ပေါင်းများစွာက ကျွန်တော်တို့ဆီက ခိုးယူသွားခဲ့တဲ့ လွတ်လတ်မှုကိုဆောင်လောင်တဲ့ ကျွန်တော်တို့ရဲ့ဆန္ဒကိုတော့ မဖျက်ဆီးနိုင်ကြဘူး” ဟုရေးသားခဲ့သည်။ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၂ နှစ်အပါအဝင် ထောင်ဒဏ် ၆၈နှစ်ကို နိုဝင်ဘာလ ၂၁ တွင်ချစေခဲ့သည်။ (ထို့နောက် ၆၃နှစ်သို့လျှော့ချခဲ့သည်။) သူ၏အကို အောင်ကိုကိုလွင်အားလည်း ဦးဂမ်ဘီရာအား ဖွက်ထားသည် ဟုဆိုကာ ထောင်ဒဏ် နှစ် ၂၀ ချခဲ့သည်။ ယောက်ဖဖြစ်သူ မိုးထက်လျှံကိုလည်း သူ့အား ကူညီမှုဖြင့် ထောင်ချခဲ့သည်။
- **စုစုနွေး** – ၂၀၀၅ တွင် မြန်မာပြည်၌ ဖြစ်နေကြ လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်သည့် အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုအတွက် ဒေသဆိုင်ရာ အရာခံများအား တရားစွဲဆိုမှုကို အောင်မြင်စွာ လုပ်ဆောင်ခဲ့ခြင်းဖြင့် မြန်မာပြည်တွင် ပထမဆုံးသော အလုပ်သမား အခွင့်အရေးဆိုင်ရာ လုပ်ရှားသူတယောက် ဖြစ်လာခဲ့သည်။ “ဝတ္တရားနှောင့်ယှက်ဟန့်တားမှု၊ ခြိမ်းခြောက်မှု” ဖြင့်၂၀၀၅ အောက်တိုဘာလတွင် နှလုံးရောဂါရှင် စုစုနွေးအား ထောင်ဒဏ် တနှစ်ခွဲ ချမှတ်ခဲ့သည်။ ၂၀၀၆ တွင် ကနေဒီယန် လူ့အခွင့်အရေးအဖွဲ့ “အခွင့်အရေးများနှင့် ဒီမိုကရေစီ” က စုစုနွေးအား “ဂျွန်ဟမ်ဖရီ လွတ်လပ်ခွင့်ဆု”(John Humphrey Freedom Award) ကို

ချီးမြှင့်ခဲ့သည်။ ၂၀၀၇ နိုဝင်ဘာ၌ ဆန္ဒပြမှုများတွင် ဦးဆောင်ပါဝင်ခဲ့သောကြောင့် အဖမ်းခံခဲ့ရ ပြန်သည်။ ၂၀၀၈ နိုဝင်ဘာလတွင် "ပြည်သူများအား ဘေးအန္တရာယ်ပေးမှုနှင့် ကြောက်ရွံ့မှုဖြစ်စေရန်ရည်ရွယ်" သည်ဟုဆိုကာ ထောင်ဒဏ် ၁၂နှစ်ခွဲ ချမှတ်ခဲ့ပြန်သည်။

- **မင်းကိုနိုင်** – ၁၉၆၂ဖွားဖြစ်ပြီး၊ ၁၉၈၈ ဩဂုတ်လ ၈ရက်နေ့တွင် စတင်ခဲ့သည့် ရှစ်လေးလုံးအရေးတော်ပုံမှ ကျောင်းသားခေါင်းဆောင်တယောက်ဖြစ်ပြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ၏ ဥက္ကဌဟောင်းလဲ ဖြစ်သည်။ ၁၉၈၉ တွင် "တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို နှောင့်ယှက်ဟန့်တားမှု" ဟုဆိုကာ ဖမ်းဆီးခံရပြီး ထောင်ဒဏ်နှစ် ၂၀ ကျခံခဲ့ရသည်။ ၂၀၀၄ နိုဝင်ဘာတွင် ထောင်ဒဏ် ၁၅ နှစ်ကျ ခံခဲ့ပြီးနောက် ပြန်ထွက်လာခဲ့သည်။၂၀၀၇ ဩဂုတ်လတွင် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများ၌ ပါဝင်မှုကြောင့် အခြား ရှစ်လေးလုံးကျောင်းသား ခေါင်းဆောင်များနှင့်အတူ အဖမ်းခံခဲ့ရပြန်သည်။ ၂၀၀၈ နိုဝင်ဘာ ၁၁ တွင် မင်းကိုနိုင်အား ထောင်ဒဏ် ၆၅နှစ်ချမှတ်ခဲ့သည်။ ထောင်ထဲတွင် လည်းသူ့အား နှိပ်စက်ကြကြောင်းသိရသည်။

ဝေးလံသော နေရာများတွင် အကျဉ်းချပြီး၊ ဆေးဝါးကုသမှုနှင့် သန့်ရှင်းမှုအားနည်း မှုများကြောင့် အကျဉ်းသားများ၏ ကျန်းမာရေးအတွက် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က စိုးရိမ်လျှက်ရှိသည်။ မြန်မာပြည်အစိုးရအနေဖြင့် လွတ်လပ်သော လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများကို ထောင်များသို့ သွားရောက် ခွင့်ပြုရန်နှင့်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့အားလည်း သွားရောက်ပြီး ကူညီမှုများပေးခွင့်ပြုသင့်သည်။ အစိုးရမှ နိုင်ငံရေးအကျဉ်းသားများအား ဝေးလံသောနေရာများသို့ပို့ခြင်းသည် မိသားစုများသွားလည်နိုင်ရန်နှင့် ဆေးဝါး၊ စားနပ်ရိက္ခာများ ပို့ရာတွင် ခက်ခဲမှုဖြစ်စေသောကြောင့် ထိုကဲ့သို့ အကျဉ်းသားများအားပြောင်းရွှေ့မှုကို ရပ်သင့်သည်။

"ဇာဂနာ၊ ဦးဂမ်ဘီရာ၊ စုစုနွေးနှင့် မင်းကိုနိုင်တို့အားထောင်ချပြီး ညှဉ်းပန်းနှိပ်စက်နေမည့်အစား သူတို့တိုင်းပြည်အား သူတို့ ကူညီဖို့ ခွင့်ပြု သင့်တယ်။" ဟု မာလင်နောင်စကီ ဆိုသည်။ "နိုင်ငံခြားအရာခံများ မြန်မာပြည်သွားလည်ရာမှာ ဒေါ်အောင်ဆန်းစုကြည်ကိုသာ သွားရောက်တွေ့ဆုံခြင်း မျိုးမဟုတ်ပဲ၊ ထောင်ထဲရှိ အခြားနိုင်ငံရေး အကျဉ်းသားများကိုလည်း သွားရောက်တွေ့ဆုံပြီး၊ သူတို့အမြင်များကို လက်ခံရယူပြီး၊ သူတို့၏ ရဲရင့်ပြောင်မြောက်ပြီး အရေးကြီးတဲ့ လုပ်ဆောင်မှုများအတွက် အားပေးအား မြှောက်ပြုသင့်တယ်။"

HUMAN RIGHTS WATCH

လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေး အဖွဲ့က ဤကဲ့သို့အရေးကြီးလှသော အချိန်အခါမျိုးတွင် မြန်မာအစိုးရ၏ မိတ်သဟာများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ရုရှားနှင့် အာဆီယံအဖွဲ့ဝင်များ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များ၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးများနှင့် အခြားအားလုံးတို့မှ သူတို့၏ ဩဇာလွှမ်းမိုးမှုများကို အသုံးချပြီး နိုင်ငံရေး အကျဉ်းသားများအားလုံးကို ချက်ချင်း ချွင်းချက်မရှိပြန်လွှတ်ပေးရန် မြန်မာအစိုးရကို ဖိအားပေးသင့်သည်ဟုဆိုသည်။

လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေး အဖွဲ့၏ အစီရင်ခံစာ "မြန်မာပြည်၏ နိုင်ငံရေး အကျဉ်းသားများ" ကို ဖတ်ရှုလိုလျှင် http://www.hrw.org/node/84743

လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေး အဖွဲ့မှ တင်ပြထားသော မြန်မာပြည် အကြောင်းများကို ဖတ်ရှုလိုလျှင် အောက်ပါ အင်တာနက်လိပ်စာသို့ သွားနိုင် ပါသည်။

- "2100 by 2010" – Human Rights Watch's global campaign for the release of all political prisoners in Burma by the time of the 2010 elections: http://www.hrw.org/en/free-burmas-prisoners
- Burma country page, at: http://www.hrw.org/en/asia/burma

သတင်းများ ပိုမိုသိလိုပါက ဆက်သွယ်နိုင်ရန်

In Washington, DC, Tom Malinowski (English): +1-202-612-4358; or +1-202-309-3551 (mobile)
In Washington, DC, Elaine Pearson (English): +1-646-291-7169 (mobile)
In New York, Steve Crawshaw (English, French, German, Russian): +1-212-216-1217; or +1-917-385-2642 (mobile)
In Thailand, Sunai Phasuk (Thai, English): +66-81-6323052 (mobile)
In London, Brad Adams (English): +44-20-7713-2767; or +44-790-872-8333 (mobile)
In Australia, David Mathieson (English): +66-87-176-2205 or +61-(0)4-2300-5477 (mobile)
In Tokyo, Kanae Doi (Japanese, English): +81-3-3234-9145; or +81-90-2301-4372 (mobile)